ဝန်ထမ်းများအတွက် လမ်းညွှန်

# လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေး



MINISTRY OF MANPOWER

# လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုနစ်နာကြေး ပေးလျော်ခြင်း ဆိုတာ ဘာလဲ။

**လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုနစ်နာကြေးအက်ဥပဒေ ၂၀၁၉ (WICA 2019)*** ကဝန်ထမ်းများအားအလုပ်နှင့်ဆက်စပ်သည့်ထိခိုက်ဒဏ်ရာများသို့မဟုတ်ရောဂါဝေဒနာများဖြစ်မှုအတွက်အမှုအခင်းရင်ဆိုင်ရန်မလိုဘဲနစ်နာကြေးပေးလျော်ရန်တောင်းခံနိုင်ခွင့်ပေးထားသည်။

မှတ်ချက် -
*၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁ ရက် မတိုင်မီ ဖြစ်ပျက်ခဲ့သည့် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှုများအတွက် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုနစ်နာကြေးအက်ဥပဒေကို ဆက်လက် အသုံးပြုနိုင်ပါသည်။ အသေးစိတ်ကိုhttp://www.mom.gov.sg/workplace-safety-and-health/work-injury-compensation/resources-and-toolsတွင်ဖတ်ရှုနိုင်ပါသည်။

## ကျွန်တော်ရော အကျုံးဝင်ပါသလား။




### အကျုံးဝင်ပါတယ်

- သင်သည် "ဝန်ဆောင်မှုစာချုပ်"တစ်ခုအောက်တွင်အလုပ်လုပ်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်လျှင်

### အကျုံးမဝင်ပါ

- ယူနီဖောင်းဝတ် ဝန်ထမ်း - စင်္ကာပူတပ်မတော်၊ စင်္ကာပူရဲတပ်ဖွဲ့၊ စင်္ကာပူအရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့၊ မူးယစ်ဆေးဝါးဆိုင်ရာ ဗဟိုဌာနနှင့် စင်္ကာပူအကျဉ်းထောင်ဌာနတို့မှ တပ်ဖွဲ့ဝင်များ
- လုပ်ငန်းရှင် / အလွတ်တန်းကန်ထရိုက်တာဖြစ်လျှင်
- အိမ်အကူဖြစ်လျှင်

## မေးခွန်း ၁

အောက်ပါ အခြေအနေများတွင် နစ်နာကြေး တောင်းခံနိုင်ပါသေးသလား

(က) ထိုအလုပ်ရှင်အတွက်အလုပ်မလုပ်တော့လျှင်သို့မဟုတ် အလုပ်ထုတ်ခံခဲ့ရလျှင်

(ခ) ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်ရစဉ် မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်လျှင်

ရပါတယ် မတော်တဆဖြစ်မှုသည် သင့်အား သင့်အလုပ်ရှင်က အလုပ်ခန့်ထားစဉ် ဖြစ်ခဲ့ပြီး ယင်းအလုပ်ခန့်ထားခိုင်းစေမှုကြောင့် ထိုသို့ မတော်တဆဖြစ်ရသည် ဆိုပါက သင့်အနေဖြင့် နစ်နာကြေး တောင်းခံနိုင်ပါသည်။

## ကျွန်တော် လုပ်ငန်းခွင်မှာ ဒဏ်ရာရခဲ့ပါတယ်။ ဘယ်လို လုပ်ရပါမလဲ။



- ☑ ဆေးကုသမှု ခံယူပါ။ သင့်အလုပ်ရှင်ထံ အမြန်ဆုံး အကြောင်းကြားပါ။
  - သင့်အလုပ်ရှင်ကလူ့စွမ်းအားဝန်ကြီးဌာန (MOM) သို့ဆက်၍အကြောင်းကြားရပါမည်။
- ☑ သင့် ဆေးကုသမှုအထောက်အထား လက်မှတ် (MC) နှင့် ဆေးကုသစရိတ်ပြေစာမူရင်း နှင့်/သို့မဟုတ် ဒစ်ဂျစ်တယ်မိတ္တူ (သင့်လျော်ရာ) ကို တင်သွင်းပါ။
  - သင့်ထံတွင်MCနှင့်ဆေးကုသစရိတ်ပြေစာမိတ္တူတစ်စုံကို သိမ်းထားပါ။
  - သင့် နာမကျန်းခွင့် လုပ်ခများကို တောင်းခံပါ။
  - သင်ကဦးစွာပေးချေခဲ့ရပါကဆေးကုသစရိတ်ကို သင့်အလုပ်ရှင်ထံမှပြန်တောင်းယူပါ။
- ☑ သင့်အလုပ်ရှင်ကမတော်တဆဖြစ်ရပ်ကိုMOMထံအကြောင်းကြားပြီးကြောင်း သေချာအောင်မေးကြည့်ပါ။
- ☑ အသစ်! သင့်အလုပ်ရှင်က မတော်တဆဖြစ်ရပ်ကို MOM ထံ အကြောင်းကြားပြီးသည်နှင့် သင့်အတွက် နစ်နာကြေး တောင်းခံမှုကို WICA 2019 နှင့်အညီ အလိုအလျောက် စတင် ဆောင်ရွက်ပါသည်။
  - ထုံးတမ်းစဉ်လာဥပဒေအောက်တွင်နစ်နာကြေးတောင်းခံရန်သင်ဆုံးဖြတ်ခဲ့လျှင် သင်ကWICA 2019 အောက်မှသက်ဆိုင်ရာအာမခံရုံးထံနစ်နာကြေးတောင်းခံမှုကိုရုတ်သိမ်းကြောင်းလျှောက်လွှာတင်ရန်လိုအပ်ပါသည်။
  - သင့်အနေဖြင့်WICA 2019 သို့မဟုတ်ထုံးတမ်းစဉ်လာဥပဒေတစ်ခုခုအရသာနစ်နာကြေးတောင်းခံနိုင်ပါသည်။




## ကျွန်တော် လုပ်ငန်းခွင်မှာ ဒဏ်ရာရကြောင်းကို ကျွန်တော့အလုပ်ရှင်က ဘယ်အချိန်မှာ MOMကို အကြောင်းကြားရမှာပါလဲ။

သင်အောက်ပါတို့တစ်ခုခုဖြစ်ခဲ့လျှင်သင့်အလုပ်ရှင်အနေဖြင့်ထိခိုက်ဒဏ်ရာရမှုအတွက်အကြောင်းကြားရပါမည်။


- အသစ်! ပြင်ပလူနာအဖြစ်ကုသရခြင်းသို့မဟုတ်အပေါ့စားတာဝန်သာထမ်းဆောင်ရန်ဆေးခွင့်ပေးခံရလျှင်သို့မဟုတ်
- အလုပ်တာဝန်ကြောင့်ဖြစ်သော ရောဂါဝေဒနာ တစ်ခုခု စွဲကပ်ခဲ့လျှင်




# ဘာတွေတောင်းခံနိုင်ပါသလဲ။

## အမျိုးအစား ၁ - ဆေးကုသမှုစရိတ်များ






ဆေးကုသမှု စရိတ်ဆိုတာ ဘာလဲ။

- ဆေးကုသစရိတ် ပြေစာများ
- လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုကြောင့်အခြားကုန်ကျသည်များဥပမာ - လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုဆန်းစစ်ခြင်းအစီရင်ခံစာများအတွက်ကျသင့်ငွေ
- စင်္ကာပူနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆရာဝန် သို့မဟုတ် သွားဆရာဝန်များက ကုသမှုခံယူရန် လိုအပ်သေးသည်ဟု သတ်မှတ်သ၍သင့်အလုပ်ရှင်က သဘောတူထားသော အကန့်အသတ်ထိတိုင် ပေးချေရပါမည်။
- အများဆုံးကန့်သတ်ပမာဏများကိုအောက်ပါဇယားတွင်ကြည့်ပါ။

| သင့်အနေဖြင့်ဆေးကုသမှုစရိတ်များကိုအများဆုံးကန့်သတ်ပမာဏသို့မဟုတ်မတော်တဆမှုဖြစ်သည့်နေ့မှတစ်နှစ်အထိဦးစွာပြည့်သည့် သတ်မှတ်ချက်တိုင်အောင် တောင်းခံနိုင်သည်။ | |
|---|---|
| မည်သည့် အချိန်တွင် မတော်တဆမှု ဖြစ်ခဲ့ပါသလဲ။ | အများဆုံး ပမာဏ မည်မျှထိ တောင်းခံနိုင်ပါသလဲ။ |
| ၂၀၂၀ဇန်နဝါရီ၁ရက်နေ့မတိုင်မီက | $36,000 |
| အသစ်! ၂၀၂၀ဇန်နဝါရီ၁ရက်နေ့နှင့်နောက်ပိုင်း | $45,000 |



## မေးခွန်း ၂



ကျွန်တော့် ဆေးကုသမှုစရိတ်က $55,000 ရှိပါတယ်။ အဲဒီပမာဏ အပြည့်အဝ တောင်းခံနိုင်ပါသလား။


ဤဥပမာတွင် သင့်အနေဖြင့်**$40,000 + $5,000 = $45,000**အထိသာ တောင်းခံနိုင်ပါသည်။ ကျန်ပမာဏဖြစ်သည့်$5,000သည်၂၀၂၀ဇွန်လ၃၀ရက်မတိုင်မီကုန်ကျခဲ့ခြင်းဖြစ်ပါကသတ်မှတ်ပမာဏပြည့်ရောက်သွားပြီဖြစ်၍တောင်းခံနိုင်ခြင်းမရှိတော့ပါ။ မတော်တဆမှု ဖြစ်ခဲ့သည်မှာ တစ်နှစ်ကျော်သွားပြီ ဖြစ်သဖြင့် ၂၀၂၁ ခုနှစ် မတ်လ ၉ ရက်နေ့တွင် ကျသင့်မည့် $5,000 ကိုလည်း တောင်းခံနိုင်မည် မဟုတ်ပါ။

သင် မတော်တဆမှု ဖြစ်ခဲ့သည်။

**$40,000**
ဟုတ်ကဲ့၊သင်ပမာဏအပြည့်အဝ တောင်းခံနိုင်ပါသည်။


**$10,000**
$5,000 အထိသာ သင် တောင်းခံနိုင်ပါသည်။

**$5,000**
ဤပမာဏကို သင် မတောင်းခံနိုင်ပါ။





# အမျိုးအစား ၂ - နာမကျန်းခွင့် လုပ်ခများ



## နာမကျန်းခွင့် လုပ်ခများကို မည်သည့်အချိန်တွင် တောင်းခံနိုင်ပါမလဲ။






- သင့်အနေဖြင့် အောက်ပါဇယားတွင် ဖော်ပြထားသည့် အတိုင်းဆေးခွင့်ယူထားရချိန် လုပ်ခလစာကို တောင်းခံနိုင်သည်။
- သင်ပုံမှန်အလုပ်ဆင်းရသည့်နေ့ရက်များ (အလုပ်တက်ရက်များ) အတွက်သာတောင်းခံနိုင်ပြီးနားရက်များသို့မဟုတ်အများပြည်သူရုံးပိတ်ရက်များအတွက်မတောင်းခံနိုင်ပါ။


| ပြင်ပလူနာနာမကျန်းခွင့် (MC) / အပေါ့စားတာဝန်သာထမ်းဆောင်စေခြင်း* | ဆေးရုံတက် ခွင့် | နာမကျန်းခွင့် လုပ်ခများ |
|---|---|---|
| ၁၄ ရက်အထိ | ရက်ပေါင်း ၆၀ အထိ | I. MC အတွက်လစဉ်ပျမ်းမျှဝင်ငွေ (AME) အပြည့်သို့မဟုတ<br>ii. အသစ်! အပေါ့စားတာဝန်သာထမ်းဆောင်ရမှုအတွက်မှ ယင်းကာလအတွက် ဝန်ထမ်း၏အမှန်တကယ်လုပ်ခသည်၎င်း၏ AMEအောက်လျော့နည်းနိုင်ပါသည်။ |
| ၁၅ရက်မြောက်နေ့မှစ၍ မတော်တဆမှုဖြစ်ပြီး ၁နှစ်ကြာသည်အထိ | ၆၁ရက်မြောက်နေ့မှစ၍ မတော်တဆမှုဖြစ်ပြီး ၁နှစ်ကြာသည်အထိ | I. MC အတွက်AME ၏ ၂/၃သို့မဟုတ်<br>ii. အသစ်! အပေါ့စားတာဝန်သာထမ်းဆောင်ရမှုအတွက်မှ ယင်းကာလအတွက် ဝန်ထမ်း၏အမှန်တကယ်လုပ်ခသည်၎င်း၏AME၏၃ပုံ၂ပုံအောက် လျော့နည်းနိုင်ပါသည်။ |

## မေးခွန်း ၃

ကျွန်တော့်အလုပ်ရှင်ကကျွန်တော့်နာမကျန်းခွင့်လုပ်ခတွေနဲ့ဆေးကုသစရိတ်တွေကိုမပေးပါဘူး။ ဘယ်လို လုပ်ရပါမလဲ။

သင့်အလုပ်ရှင်ကနာမကျန်းခွင့်လုပ်ခများနှင့်ဆေးကုသစရိတ်များကိုပေးရန်ပျက်ကွက်ပါကသက်ဆိုင်ရာအာမခံရုံးသို့မဟုတ်လူ့စွမ်းအားဝန်ကြီးဌာနဝန်ဆောင်မှုများစင်တာထံမှအကူအညီတောင်းခံပါ။

မှတ်ချက် -
*၂၀၂၀ စက်တင်ဘာလ ၁ ရက်နေ့နှင့် နောက်ပိုင်းတွင် ဖြစ်သော မတော်တဆမှုများအတွက်



# အမျိုးအစား ၃ - တစ်သက်တာမသန်စွမ်းဖြစ်သွားခြင်း (PI) သို့မဟုတ်သေဆုံးခြင်းအတွက်တစ်လုံးတစ်ခဲတည်းပေးလျော်ခြင်း



PI - ထိခိုက်ဒဏ်ရာရရှိမှုသို့မဟုတ်ရောဂါဝေဒနာခံစားရမှုသည်လူတစ်ဦး၏အလုပ်လုပ်နိုင်စွမ်းအပေါ် တစ်သက်တာထိခိုက်စေခြင်း

ပေးရန် ပမာဏ = [ လစဉ် ပျမ်းမျှ ဝင်ငွေများ ] × [ အသက်ဆိုင်ရာ မြှောက်ဖော်ကိန်း ] × [ တစ်သက်တာမ သန်စွမ်း ဖြစ်မှု %[1] ]

## ဘယ်လိုတွက်ရမလဲ။ လစဉ် ပျမ်းမျှဝင်ငွေ(AME) ကို



ဝင်ငွေများ + အချိန်ပို လုပ်ခ + စားသောက်စရိတ် + ဆုကြေးနှင့် အခြား ခွင့်ပြုငွေ(များ) အားလုံး

မတော်တဆမှုမဖြစ်မီ လွန်ခဲ့သော၁၂လအတွင်းပေးခဲ့သည့်လုပ်အားခ

───────────

၁၂ လ

## ဘာတွေမပါဘူးလဲ။

- အလုပ်ရှင်၏ CPF ထည့်ဝင်ပေးမှုများ
- သင့်အား အလုပ်ခန့်ထားမှုနှင့် ဆက်စပ်သည့် အခြား အထူးကုန်ကျစရိတ်များအတွက် ပေးခဲ့သည့်ငွေ (ဥပမာ - ခရီးစရိတ် ထောက်ပံ့ငွေ/ ပြန်အမ်းငွေ)



**အသုံးဝင်သော အကြံပြုချက်**


သင့်AMEတွက်ချက်မှုအတွက်www.mom.gov.sg/calculate-ameကိုကိုးကားပါ။

| မည်သည့် အချိန်တွင် မတော်တဆမှု ဖြစ်ခဲ့ပါသလဲ။ | နစ်နာကြေးဆိုင်ရာ ကန့်သတ်ချက်များ* | |
|---|---|---|
| | အနည်းဆုံး | အများဆုံး |
| ၂၀၂၀ဇန်နဝါရီ၁ရက်နေ့မတိုင်မီ | **[$88,000 x % PI]** | **[$262,000 x % PI]** |
| အသစ်! ၂၀၂၀ဇန်နဝါရီ၁ရက်နေ့နှင့်နောက်ပိုင်း | **[$97,000 x % PI]** | **[$289,000 x % PI]** |

မှတ်ချက် -

[1] တစ်သက်တာမသန်စွမ်းဖြစ်မှု % (% PI) သည်ဝန်ထမ်း၏အခြေအနေတည်ငြိမ်သွားပြီးနောက်ဆရာဝန်၏ဆန်းစစ်ချက်အပေါ် အခြေခံသည်

* သက်ဆိုင်ရာ နစ်နာကြေးဆိုင်ရာ ကန့်သတ်ချက်အတိုင်း ဖြစ်သည်



## အမျိုးအစား ၃ - တစ်သက်တာမသန်စွမ်းဖြစ်သွားခြင်း (PI) သို့မဟုတ်သေဆုံးခြင်းအတွက်တစ်လုံးတစ်ခဲတည်းပေးလျော်ခြင်း (အဆက်)



**သေဆုံးခြင်း** - ထိခိုက်ဒဏ်ရာရမှုကြောင့် ဝန်ထမ်းတစ်ဦး အသက်ဆုံးရှုံးရခြင်း

မိသားစုဝင်သို့မဟုတ်ကွယ်လွန်သူဝန်ထမ်းအားမှီခိုနေသူများအားပေးရန်ပမာဏ = [ ဝန်ထမ်း၏ လစဉ်ပျမ်းမျှဝင်ငွေများ ] × [ အသက်ဆိုင်ရာမြှောက်ဖော်ကိန်း ]

| မည်သည့် အချိန်တွင် (ရက်၊လ၊နှစ် ) တွင် မတော်တဆမှု ဖြစ်ခဲ့ပါသလဲ။ | နစ်နာကြေးဆိုင်ရာ ကန့်သတ်ချက်များ* | |
|---|---|---|
| | အနည်းဆုံး | အများဆုံး |
| ၂၀၂၀ဇန်နဝါရီ၁ရက်နေ့မတိုင်မီက | $69,000 | $204,000 |
| အသစ်! ၂၀၂၀ဇန်နဝါရီ၁ရက်နေ့နှင့်နောက်ပိုင်း | $76,000 | $225,000 |

## မေးခွန်း ၄

WICAနစ်နာကြေးတောင်းခံရန်ရှေ့နေတစ်ယောက်လိုပါသလား။

- နစ်နာကြေးပမာဏကိုပုံသေနည်းဖြင့်တွက်ချက်ခြင်းကြောင့်WICAနစ်နာကြေးတောင်းခံမှုအတွက်သင့်အားကူညီရန်ရှေ့နေတစ်ယောက်မလိုအပ်ပါ။
- MOMတွင်သင့်အားကူညီပေးမည့်ဘင်္ဂလီ၊တမီးလ်၊တရုတ်နှင့်မလေးဘာသာစကားပြန်များရှိပါသည်။

မှတ်ချက် -

* သက်ဆိုင်ရာ နစ်နာကြေးဆိုင်ရာ ကန့်သတ်ချက်အတိုင်း ဖြစ်သည်

## WICA နစ်နာကြေး တောင်းခံလွှာတင်ချင်ပါတယ်။ ဘယ်လို လုပ်ရပါမလဲ။






### ကျွန်ုပ်၏ WICA နစ်နာကြေး တောင်းခံမှု

အသစ်! • သင့်အလုပ်ရှင်ကမတော်တဆဖြစ်ရပ်ကိုMOMထံအကြောင်းကြားပြီးသည်နှင့်သင့်နစ်နာကြေးတောင်းခံမှုကိုသက်ဆိုင်ရာအာမခံရုံး*ကအလိုအလျောက်စတင်စိစစ်လုပ်ဆောင်ပါသည်။

### ဆေးကုသမှု ခံယူပါ

- ဆေးကုသမှုဆိုင်ရာ ချိန်းဆိုမှု အားလုံးကို သွားရောက်ပါ
- ဆေးရုံ/ဆေးခန်း မပြောင်းပါနှင့်
- ဆေးရုံကသင့်အားစမ်းသပ်စစ်ဆေးပြီးသင်မည်မျှအထိဒဏ်ရာရရှိကြောင်းသက်ဆိုင်ရာအာမခံရုံးထံအကြောင်းကြားပါလိမ့်မည်။

### ဆန်းစစ်သုံးသပ်မှု အသိပေးလွှာ (NOC) လက်ခံရရှိခြင်း

အသစ်! • သက်ဆိုင်ရာအာမခံရုံးကသင်ရရှိနိုင်မည့်နစ်နာကြေးအတွက်ဆန်းစစ်သုံးသပ်မှုအသိပေးလွှာ (NOC) ကို ထုတ်ပေးပါမည်။

### တောင်းခံမှု ဖြေရှင်းပေးခြင်းနှင့် ပေးလျော်ခြင်း

- NOCအပေါ်ကန့်ကွက်ရန်မရှိပါက သင့်အတွက်နစ်နာကြေးကို အသိပေးလွှာထုတ်ပေးပြီး ၂၁ရက်အတွင်း လက်ခံရရှိပါမည်။
- ကန့်ကွက်ရန်ရှိပါကMOMအနေဖြင့်ကြားဝင်ဖြေရှင်းပေးပြီးနစ်နာကြေးပေးလျော်ရန်ညွှန်ကြားချက်တစ်စောင်ထုတ်ပေးပါမည်။

### မေးခွန်း ၅

ကျွန်တော်က နိုင်ငံခြားသားဝန်ထမ်းပါ။ ကျွန်တော့်ရဲ့WICA နစ်နာကြေးလျော်ထားဆဲအချိန်မှာအလုပ်ရှင်ကကျွန်တော့်ကိုမိခင်နိုင်ငံပြန်ပို့နိုင်ပါ သလား။

MOMကသင့်အားစင်္ကာပူနိုင်ငံတွင်ရှိနေရန်လိုအပ်ပါကအလုပ်ရှင်ကသင့်ကိုမိခင်နိုင်ငံပြန်ပို့နိုင်ခွင့်မရှိပါ။

သူက သင့်အား အိမ်ပြန်ရန် ဖိအားပေးပါက လူဝင်မှုကြီးကြပ်ရေး ကောင်တာမှ အာဏာပိုင်များအား သ တင်းပို့ပါ။ သူတို့က သင့်အားMOM ထံ လွှဲပြောင်းပေးပါလိမ့်မည်။

မှတ်ချက် - *သက်ဆိုင်ရာ အာမခံရုံး မရှိသည့် ကိစ္စရပ်များအတွက် နစ်နာကြေး လျော်ထားမှု လုပ်ငန်းစဉ်ကို MOM က တာဝန်ယူ ဆောင်ရွက်ပေးပါမည်။

## WICA အောက်တွင် ကျွန်တော်က ပြစ်မှုတစ်ခုခု ကျူးလွန်မိခဲ့လျှင် ဘာဖြစ်နိုင်ပါသလဲ။



MOMကသင့်အားတင်းကျပ်သောအရေးယူမှုပြုလုပ်ပါလိမ့်မည်။

ပြစ်ဒဏ်များမှာ -

| မမှန်မကန် လျော်ထား တောင်းခံခြင်း | | တာဝန်ရှိသူများအား မမှန်ကန်သော အချက်အလက်များတင်ပြ ခြင်း | |
|---|---|---|---|
| • ပထမအကြိမ် ကျူးလွန်မှု - ငွေဒဏ် $15,000 အထိနှင့်/သို့မဟုတ်ထောင်ဒဏ် ၁၂လအထိ | • ဒုတိယအကြိမ် သို့မဟုတ် ထပ်မံ ကျူးလွန်မှု - ငွေဒဏ် $30,000 အထိနှင့်/သို့မဟုတ်ထောင်ဒဏ် ၁၂လအထိ | • ပထမအကြိမ် ကျူးလွန်မှု - ငွေဒဏ် $5,000 အထိနှင့်/သို့မဟုတ်ထောင်ဒဏ်၆လအထိ | • ဒုတိယအကြိမ် သို့မဟုတ် ထပ်မံ ကျူးလွန်မှု - ငွေဒဏ် $10,000 အထိနှင့်/သို့မဟုတ်ထောင်ဒဏ် ၆လအထိ |

သင်သည်နိုင်ငံခြားသားဝန်ထမ်းဖြစ်ပါကစင်္ကာပူသို့ပြန်လာ၍အလုပ်လုပ်ခွင့်ပြုတော့မည်မဟုတ်ပါ။

## လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရမှု နစ်နာကြေးနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက

http://www.mom.gov.sg/wic

Ministry of Manpower Services Centre
1500 Bendemeer Road
Singapore 339946

ရုံးဖွင့်ချိန်
တနင်္လာမှ သောကြာထိ - နံနက်၈:၀၀ - ညနေ၅:၃၀
(အလုပ်ကျတန်းစီလက်မှတ်များကိုညနေ၄နာရီခွဲထိထုတ်ပေးပါမည်)

6438 5122

၂၀၂၁ ဇန်နဝါရီလတွင် မွမ်းမံဖြည့်စွက်ထားသည်

ဤလမ်းညွှန်တွင်ပါဝင်သောအချက်အလက်များသည်ပုံနှိပ်ထုတ်ဝေသည့်ကာလတွင်မှန်ကန်ပါသည်။ ဤလမ်းညွှန်ကဝန်ထမ်းများအားလုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုနစ်နာကြေးအက်ဥပဒေ၂၀၁၉ (WICA 2019) အောက်ရှိငင်းတို့၏အခွင့်အရေးများနှင့်တာဝန်ရှိမှုများအကြောင်းအကျဉ်းချုပ်နှင့်လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရမှုနစ်နာကြေးအကြောင်းအခြေခံအချက်အလက်များရှင်းပြပေးပါသည်။ဤလမ်းညွှန်သည် ဥပဒေအရ ထုတ်ထားသည် မဟုတ်ဘဲ မှီငြမ်းရန်သာ ဖြစ်သည်။ မရှင်းလင်းသည်များရှိပါကWICA 2019 ကိုသာမှီးငြမ်းကိုးကားသင့်ပါသည်။

©၂၀၂၁ စင်္ကာပူနိုင်ငံ အစိုးရအဖွဲ့ (လူ့စွမ်းအားဝန်ကြီးဌာန)
ပိုင်ခွင့်အားလုံး ရယူပြီး